Assistance Association for Political Prisoners (AAPP)
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

E-mail: info@aappb.org Website: www.aappb.org

## သေဒဏ်ချမှတ်ထားသော နိုင်ငံရေးအကျဉ်းသား ၄ ဦးအား သေဒဏ်စီရင်ရေး အတည်ပြုခြင်းနှင့်ပတ်သက်၍ သဘောထား ထုတ်ပြန်ချက်

ရက်စွဲ။ ။ ဇွန်လ ၆ ရက်၊ ၂၀၂၂ ခုနှစ်

ကိုဂျင်မီ (ခ) ကိုကျော်မင်းယု၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်၊ ကိုအောင်သူရဇော် တို့ ၄ ဦးအား အကြမ်းဖက်စစ်အုပ်စု၏ စစ်ခုံရုံးက ချမှတ်ခဲ့သည့် သေဒဏ်ကို အတည်ပြုလိုက်ပြီး ကွပ်မျက်ရန် ဆောင်ရွက်နေပြီဟု စစ်အုပ်စုမှ ဇွန်လ ၃ ရက်နေ့တွင် အတည်ပြု ပြောကြားလိုက်သည်။
သို့သော်လည်း ထိုသူများကို မည်သည့် စစ်ခုံရုံး၊ မည်သည့်နေရာတွင် အမှုကို ကြားနာခဲ့ကြောင်းနှင့် အမိန့်ချမှတ်ခဲ့ကြောင်းကို သက်ဆိုင်ရာ မိသားစုများထံသို့ပင် အသိပေးခြင်း မရှိပါ။ စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ တရားစီရင်ရေး ယန္တရားတခုလုံးအား အလုံးစုံ ဖျက်ဆီးနေပေသည်။

အကြမ်းဖက်စစ်အုပ်စုသည် အာဏာသိမ်းယူပြီးသည့်မှစ၍ ၎င်းတို့အား ဆန့်ကျင်သူများကို နေ့စဉ်နှင့်အမျှ သတ်ဖြတ်ခြင်း၊ မြို့ရွာများကို မီးရှို့ခြင်း၊ နေအိမ် ပစ္စည်းဥစ္စာများကို သိမ်းယူခြင်းများကို တစိုက်မတ်မတ်လုပ်ဆောင်လျှက်ရှိသည်။ ယခုကဲ့သို့ နိုင်ငံရေးအကျဉ်းသားများကို ကွပ်မျက်ရန် ပြောကြားမှုမှာ နိုင်ငံတကာနှင့် ပြည်တွင်း တရားဥပဒေကို အလွဲသုံးစားလုပ်ကာ ပြောင်ပြောင်တင်းတင်း သတ်ဖြတ်ရန် ကြိုးစားမှုတရပ်ဖြစ်သည်။

ယနေ့အချိန် ကမ္ဘာ့နိုင်ငံအနှံ့တွင် သေဒဏ်စီရင်ရေးအား ဖျက်သိမ်းရန် အပူတပြင်း ကြိုးစားနေချိန်တွင် ထိုကဲ့သို့ ကွပ်မျက်ရန် ကြေညာခြင်းသည် နိုင်ငံတကာ၏ ကြိုးပမ်းဆောင်ရွက်နေမှုကို ပျက်ရယ်ပြု လိုက်ခြင်းပင်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းအပေါ် ပြန်ရောက်နိုင်ရေး နိုင်ငံတကာမှ အာဏာသိမ်းစစ်အုပ်စုအား အပြင်းအထန် ဖိအားပေး တောင်းဆိုနေမှုများအား တစုံတရာ လျော့ကျစေရေးအတွက် အပေးအယူလုပ်ရန်နှင့် ပြည်တွင်းရှိ စစ်အာဏာသိမ်းမှုဆန့်ကျင်သူများကို ခြိမ်းခြောက်ရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံရေးအကျဉ်းသားများကို ဓားစားခံအဖြစ် အသုံးပြု တုန့်ပြန်လိုက်ခြင်းလည်း ဖြစ်သည်။ ထိုကဲ့သို့ ဓားစားခံအဖြစ်အသုံးချကာ ပြောင်ပြောင်တင်းတင်း ကွပ်မျက်ရန် ဆောင်ရွက်မှုကို တားဆီးရန်မှာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း တာဝန်ရှိသည်ဟု ထင်မြင်ပါသည်။

မိမိတို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းသည် နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်တွင်း တစ်ဦးတစ်ယောက်မျှ မရှိမှသာ အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိနိုင်မည်ဟု ယုံကြည်သည့်နည်းတူ အထက်ပါကဲ့သို့ နိုင်ငံရေးအကျဉ်းသားများကို သေဒဏ်စီရင်ခြင်းသည် အာဏာသိမ်းစစ်အုပ်စုမှ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတည်ငြိမ်ရေးကို စိန်ခေါ် ဖျက်ဆီးလိုက်ခြင်းဖြစ်သည်ဟု သဘောထားသည်။

စစ်အုပ်စုအနေဖြင့် နိုင်ငံရေးအကျဉ်းသားများကို ကွပ်မျက်ရေး လုပ်ဆောင်နေမှုသည် သမိုင်းဆိုင်ရာ ခွင့်လွှတ်၍ မရနိုင်သောလုပ်ရပ် ဖြစ်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းအပေါ် ပြန်လည်ရောက်ရှိရေး ကြိုးစားဆောင်ရွက်နေသော နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် မြန်မာနိုင်ငံရေးအကြပ်အတည်းကို သဘောတူညီချက် ၅ ချက်ဖြင့် ဖြေရှင်းရန် ကြိုးစား အဖြေရှာနေသည့် အာဆီယံ နိုင်ငံများ၏ သဘောထား နှင့် လုံးဝကိုက်ညီမှုမရှိကြောင်း ထင်ရှားသည့် သက်သေပြချက် ပင်ဖြစ်သည်။

သို့ဖြစ်၍ ကုလသမဂ္ဂ၊ အာဆီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအားလုံးမှ အထက်ပါလုပ်ရပ်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တားမြစ်ရန် မိမိတို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) အနေဖြင့် အလေးအနက်တိုက်တွန်းတောင်းဆိုလိုက်ပါသည်။

**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**